# အကောက်ခွန်အရာရှိများအား ငွေကြေးခဝါချမှုတိုက်ဖျက်ရေး အသိပညာပေး သင်တန်းပို့ချခြင်း

ရန်ကုန်၊ မတ်လ ၁၇

၁၁-၃-၂၀၂၃ ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာန၊ အကောက်ခွန်သင်တန်းကျောင်း ၊ ရန်ကုန်မြို့၌ အကောက်ခွန်အရာရှိများအနေဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပိုမိုသိရှိနားလည်ပြီး လုပ်ငန်းခွင်အတွင်း ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး အသိပညာပေးသင်တန်းအား ကျင်းပခဲ့ရာ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ဒုတိယရဲမှူးကြီးမြင့်စိုး မှ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အပြည်ပြည်ဆိုင်ရာကုလသမဂ္ဂ သဘောတူစာချုပ်များဘာသာရပ်နှင့် အကောက်ခွန်မှုခင်းများနှင့် ဆက်နွယ်သောငွေကြေးခဝါချမှုများအား စုံစမ်းစစ်ဆေးခြင်းဘာသာရပ်တို့အားလည်းကောင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင် မှ ငွေကြေးဆိုင်ရာစုံစမ်းစစ်ဆေးခြင်း ဘာသာရပ်အားလည်းကောင်း သင်ကြားပို့ချဆွေးနွေးခဲ့ပါသည်။

အဆိုပါ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး အသိပညာပေးသင်တန်းသို့ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ရှိ ဌာနခွဲ အသီးသီးမှ အကောက်ခွန်အရာရှိ (၄၀) ဦး တို့သည် အကောက်ခွန်သင်တန်းကျောင်းခန်းမတွင် လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ နယ်မြေအသီးသီးရှိ အကောက်ခွန်အရာရှိ (၃၅) ဦးတို့သည် Online Virtual စနစ်ဖြင့်လည်းကောင်း တက်ရောက်ခဲ့ပါသည်။

ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ဒုတိယ ရဲမှူးကြီး ဦးမြင့်စိုးမှ
ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အပြည်ပြည်ဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ်
များဘာသာရပ်၊ အကောက်ခွန်မှုခင်းများနှင့်ဆက်နွယ်သော ငွေကြေးခဝါချမှုများအား စုံစမ်းစစ်
ဆေးခြင်းဘာသာရပ်များအား သင်ကြားပို့ချစဉ်



အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်မှ
ငွေကြေးဆိုင်ရာစုံစမ်းစစ်ဆေးခြင်း (Financial Investigation) ဘာသာရပ်အား သင်ကြားပို့ချစဉ်



ငွေကြေးခဝါချမှုတိုက်ဖျက်ရေးသင်တန်း နည်းပြများ၊ အုပ်ချုပ်သူများနှင့် သင်တန်းသားများ
မှတ်တမ်းတင်ဓာတ်ပုံ

